**About PUB, Singapore's National Water Agency**

PUB is a statutory board under the Ministry of Sustainability and the Environment that oversees water issues in an integrated way. PUB's mission is to ensure Singapore has a reliable and secure water supply, and protect it from inland and coastal flooding.

Through the Four National Taps (local catchment water, imported water, NEWater, desalinated water), PUB has ensured a diversified and sustainable supply of water for Singapore.

PUB also manages both inland and coastal flood risks holistically, and leads and coordinates whole-of-government efforts in ensuring coastal and flood resilience.

To provide water for all, PUB calls on everyone to play their part to conserve water, keep our water catchments and waterways clean and build a relationship with water so we can enjoy our water resources. We can then have enough water for all uses — for industry, for living, for life.

**စင်ကာပူ၏ နိုင်ငံလုံးဆိုင်ရာ ရေအရင်းမြစ် စီမံခန့်ခွဲရေး ဌာန**

PUB သည် ရေ အရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များကို ဘက်စုံပေါင်းစပ်၍ ကြီးကြပ်ဆောင်ရွက်သော ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာန အောက်ရှိ ဥပဒေအရ ဖွဲ့စည်းထားသော အစိုးရ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

PUB ၏ အဓိက တာဝန်မှာ စင်ကာပူနိုင်ငံအတွက် ယုံကြည်စိတ်ချရပြီး လုံခြုံသော ရေပေးဝေမှုကို အာမခံရန်နှင့် ကုန်းတွင်းပိုင်းနှင့် ကမ်းရိုးတန်း ရေကြီးရေလျှံမှုများမှ ကာကွယ်ပေးရန် ဖြစ်ပါသည်။

အမျိုးသား ရေအရင်းအမြစ် လေးရပ် (ပြည်တွင်း ရေစုဆောင်းရာ ဧရိယာ၊ ပြည်ပမှ တင်သွင်းသည့်ရေ၊ NEWater နှင့် ပင်လယ်ရေကို သန့်စင်ရရှိသောရေ) ကို အသုံးပြုခြင်းဖြင့် PUB သည် စင်ကာပူနိုင်ငံအတွက် အမျိုးမျိုးကွဲပြားပြီး ရေရှည်တည်တံ့သော ရေပေးဝေမှုကို အာမခံ ဆောင်ရွက်ပေးလျက်ရှိပါသည်။

PUB သည် ကုန်းတွင်းပိုင်းနှင့် ကမ်းရိုးတန်း ရေကြီးရေလျှံမှု အန္တရာယ်များကိုလည်း ဘက်စုံချဉ်းကပ်မှုဖြင့် စီမံခန့်ခွဲနေသည့်အပြင်၊ ကမ်းရိုးတန်းနှင့် ရေကြီးရေလျှံမှုဒဏ် ခံနိုင်ရည်ရှိစေရေးအတွက် အစိုးရဌာနအားလုံး အားထုတ်ကြိုးပမ်းမှုများကို ဦးဆောင်ကာ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

လူတိုင်းအတွက် ရေရရှိစေရန် PUB က လူတိုင်းအနေဖြင့် ရေကို ချွေတာသုံးစွဲရန်၊ ရေစုဆောင်းဧရိယာများနှင့် မြစ်ချောင်းဆည်မြောင်းများကို သန့်ရှင်းစွာ ထိန်းသိမ်းရန်နှင့် ကျွန်ုပ်တို့၏ ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရန် ရေနှင့် ဆက်နွယ်မှုတစ်ရပ် တည်ဆောက်ရန် မိမိတို့၏ အခန်းကဏ္ဍမှ ပါဝင်ကြပါရန် တိုက်တွန်းထားပါသည်။ ထိုသို့ ဆောင်ရွက်ပါက စက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ နေထိုင်မှုအတွက်ဖြစ်စေ၊ နေ့စဉ်ဘဝအတွက်ဖြစ်စေ အသုံးပြုရန် ရေလုံလောက်စွာ ရရှိနိုင်မည် ဖြစ်ပါသည်။

www.pub.gov.sg
Hotline: 1800 2255 782 (24-hour Call Centre)
အရေးပေါ်ဆက်သွယ်ရန် ဖုန်း: 1800 2255 782 (၂၄ နာရီ ဖုန်းခေါ်ဆိုနိုင်သော စင်တာ)

40 Scotts Road #22-01
Environment Building
Singapore 228231
(Singapura 228231)

# the water saving handbook

## ရေချွေတာ သုံးစွဲရေး လက်စွဲစာအုပ်



PUB SINGAPORE'S NATIONAL WATER AGENCY

# Hello,

Did you know that small changes in your daily routine can help save at least 10 litres of water a day? That's about 10 one-litre milk cartons.

When everyone in Singapore does their part, we can collectively save about 50 million litres of water every day. That is enough to meet the daily water needs of more than 100,000 households.

Start playing your part! This handbook gives you easy water-saving tips to help you use water more wisely every day. Start adopting these simple habits today and make every drop count.

**PUB, Singapore's National Water Agency**

# မင်္ဂလာပါ၊

နေ့စဉ်လုပ်ရိုးလုပ်စဉ်များတွင် သေးငယ်သော အပြောင်းအလဲများ ပြုလုပ်ခြင်းဖြင့် တစ်နေ့လျှင် အနည်းဆုံးရေ ၁၀ လီတာအထိ ချွေတာနိုင်သည်ကို သင်သိပါသလား။ ၎င်းပမာဏသည် တစ်လီတာဆံ့ နို့ဘူး ၁၀ ဘူးခန့်နှင့် ညီမျှပါသည်။

စင်ကာပူနိုင်ငံရှိ လူတိုင်းက မိမိတို့၏ အခန်းကဏ္ဍမှ ပါဝင်ကြပါက နေ့စဉ်စုပေါင်း၍ ရေလီတာသန်း ၅၀ ခန့်အထိ ချွေတာနိုင်ပါသည်။ ထိုပမာဏသည် အိမ်ထောင်စု ၁၀၀,၀၀၀ ကျော်၏ တစ်နေ့တာ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လောက်အောင် လုံလောက်ပါသည်။

သင့် အခန်းကဏ္ဍကို စတင်ပါဝင်လိုက်ပါ။ ဤလက်စွဲစာအုပ်တွင် နေ့စဉ် ရေကို ပိုမို အမြော်အမြင်ကြီးစွာ အသုံးပြုနိုင်ရန် ကူညီပေးမည့် လွယ်ကူသော ရေချွေတာနည်း အကြံပြုချက်များကို ဖော်ပြထားပါသည်။ ဤရိုးရှင်းသော အလေ့အကျင့်များကို ယနေ့မှစ၍ လိုက်နာကျင့်သုံးပြီး ရေတစ်စက်ချင်းစီကို အကျိုးရှိရှိ အသုံးချလိုက်ပါ။

**PUB၊ စင်ကာပူနိုင်ငံ၏ အမျိုးသား ရေအရင်းအမြစ် စီမံခန့်ခွဲရေးအဖွဲ့**

## 1 Wash on a full load
## အဝတ်လျှော်စက်ဖြင့် လျှော်ပါက အဝတ်အပြည့်ဖြင့် လျှော်ပါ

Run the washing machine only on a full load.

အဝတ်လျှော်စက်ကို အဝတ်အပြည့်ရှိသည့်အခါမှသာ အသုံးပြုပါ။





## 2 Close taps properly
## ရေပိုက်ခေါင်းများကို စနစ်တကျ ပိတ်ပါ

Make sure taps are fully turned off to prevent unnecessary dripping.

မလိုအပ်ဘဲ ရေစက်ကျနေခြင်းကို ကာကွယ်ရန် ရေပိုက်ခေါင်းများကို အပြည့်အဝ ပိတ်ထားကြောင်း သေချာစစ်ဆေးပါ။

## 3 Turn off taps after use
## အသုံးပြုပြီးလျှင် ရေပိုက်ခေါင်းကို ပိတ်ပါ

Do not leave the tap running when not in use.

အသုံးမပြုသည့် အချိန်တွင် ရေပိုက်ခေါင်းကို ဖွင့် မထား ခဲ့ပါနှင့်။



## 4 Wash in a container
## ခွက် သို့မဟုတ် ပုံးဖြင့် ဆေးကြောပါ

Wash vegetables and dishes in a container filled with water. Reuse the water from washing vegetables to water your plants.



## 5 Defrost food overnight
## အစားအစာများကို တစ်ညလုံး အအေးခံခန်းထဲတွင် ဖြည်းဖြည်းချင်း အရည်ပျော်ပါစေ

Place frozen food in the refrigerator overnight to thaw naturally instead of running water over it.

အေးခဲထားသော အစားအစာများကို ရေဖြင့် လောင်း၍ အရည်ပျော်စေမည့်အစား ရေခဲသေတ္တာထဲတွင် တစ်ညလုံးထားကာ သဘာဝအတိုင်း ဖြည်းဖြည်းချင်း အရည်ပျော်ပါစေ။



## 6 Use a filled pail for cleaning
## သန့်ရှင်းရေးအတွက် ရေဖြည့်ထားသော ပုံးကို အသုံးပြုပါ



When cleaning the house or washing the car, use a pail filled with water and a cloth or sponge instead of a running tap or hose.

အိမ်သန့်ရှင်းရေးလုပ်သည့်အခါ သို့မဟုတ် ကားဆေးသည့်အခါ ဖွင့်ထားသည့် ရေပိုက်ခေါင်း သို့မဟုတ် ရေပိုက် ကို အသုံးပြုမည့်အစား ရေဖြည့်ထားသော ပုံးနှင့် အဝတ်စ သို့မဟုတ် ရေမြှုပ်ကို အသုံးပြုပါ။

## 7 Use a watering can
## အပင်ရေလောင်းရန် ရေဘူးကို အသုံးပြုပါ

Reuse leftover water from washing fruits and vegetables or rinsing rice to water your plants and save even more water.

သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို ဆေးကြောခြင်း သို့မဟုတ် ဆန်ကို ဆေးခြင်းမှ ကျန်ရှိသော ရေကို အပင်များ ရေလောင်းရန် ပြန်လည်အသုံးပြုပြီး ရေပိုမိုချွေတာပါ။



## 8 Turn off the shower when not in use
## အသုံးမပြု သောအခါ ရေပန်းကို ပိတ်ထားပါ

Do not leave the water running while soaping or shampooing. Taking shorter showers can help save even more water.

ဆပ်ပြာတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ရေကို ဖွင့် မထားပါနှင့်။ ရေချိုးချိန်ကို ပိုမိုတိုတောင်းစွာ ပြုလုပ်ခြင်းသည် ရေကို ပို၍ပင် ချွေတာ စေနိုင်ပါသည်။



## 9 Half flush whenever possible
## ဖြစ်နိုင်သည့်အခါတိုင်း ရေထက်ဝက်စနစ်ဖြင့် အိမ်သာ ဆေးချပါ

Use the half-flush option for liquid waste whenever possible.

အရည်အညစ်အကြေးများအတွက် ဖြစ်နိုင်သည့်အခါတိုင်း အိမ်သာရေ ထက်ဝက်ဖြင့် ဆေးချသည့် စနစ်ကို အသုံးပြုပါ။





## 10 Use a mug while brushing your teeth
## သွားတိုက်စဉ်တွင် မတ်ခွက်ကို အသုံးပြုပါ

Turn off the tap and use a mug while brushing your teeth.

သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ပိတ်ထားပြီး မတ်ခွက်ကို အသုံးပြုပါ။

## 11 Let your employer know when you spot a leak
## ရေယိုစိမ့်မှုတွေ့ပါက သင့် အလုပ်ရှင်ကို အသိပေးပါ

Check for leaks regularly. Look out for dripping taps, toilets that continue running after flushing, or damp patches around sinks, pipes and walls.

ရေယိုစိမ့်မှုရှိ၊ မရှိကို ပုံမှန်စစ်ဆေးပါ။ ရေပိုက်ခေါင်းများမှ ရေစက်ကျနေခြင်း၊ အိမ်သာဆေးချပြီးနောက် ရေဆက်လက်စီးနေခြင်း သို့မဟုတ် မျက်နှာသစ်ကန်များ၊ ရေပိုက်များနှင့် နံရံများအနီးတွင် စိုစွတ်နေသော နေရာများ ရှိ၊ မရှိကို သတိပြုစစ်ဆေးပါ။

